Message Three

# သမ္မာတရားဖြင့် စေ့စပ်ထုံးဖွဲ့ခြင်းနှင့် သမ္မာတရား၏လမ်းတော်အတွက် အကြွင်းမဲ့ဖြစ်ခြင်း၊ ဘုရားဆိုင်ရာစီမံကိန်း ပြီးမြောက်ပြည့်စုံခြင်းအတွက် သမ္မာတရားကို တိုးပွားပျံ့နှံ့စေခြင်း

ဖတ်ရန်ကျမ်း။ ။ ယော၊၈း၁၂၊ ၃၂။ ၁ယော၊၁း၅-၈။ ၃ယော၊၃-၄၊ ၈။ ၁တိ၊၂း၄။ ၄း၃

**I. ကိုယ်တော်၏ စီမံကိန်း၌ ဘုရားသခင်၏ ရည်ရွယ်ချက်မှာ ခရစ်တော်ကို ကိုယ်တော်၏ ကြွယ်ဝခြင်းများအားလုံးနှင့်အတူ ကိုယ်တော်၏ ယုံကြည်သူများအထဲသို့ ဝေငှဖြန့်ဖြူးရန်ဖြစ်ကာ၊ သူတို့သည် အဆင့်ဆင့်ဖြတ်ကျော်ကာ ပြီးမြောက်ပြည့်စုံ သည့် သုံးပါးတစ်ပါးဘုရားကို ထင်ရှားစေမည့် အသင်းတော်တည်းဟူသော ခရစ်တော်၏ ကိုယ်ခန္ဓာတော်ကို စေ့စပ်ထုံးဖွဲ့ခြင်းအတွက် ဘုရားသခင်အားဖြင့် ရွေးချယ်ခံရသည် - ဧ၊၃း၈-၁၀။**

**II. ဘုရားဆိုင်ရာစီမံကိန်း ပြီးမြောက်ပြည့်စုံခြင်းအတွက် ကျွန်ုပ်တို့သည် သမ္မာတရားဖြင့် စေ့စပ်ထုံးဖွဲ့ရန် လိုအပ်သည် - ၁ယော၊၂း၄။ ၂ယော၊ ၁-၂။**

A. သမ္မာတရားဖြင့် စေ့စပ်ထုံးဖွဲ့ခြင်းမှာ ဘုရားဆိုင်ရာဖွင့်ပြခြင်း၏ ပင်ကိုမူလဒြပ်သဘာဝကို ကျွန်ုပ်တို့အထဲသို့ ယူဆောင်ကာ၊ ကျွန်ုပ်တို့၏ စေ့စပ်ထုံးဖွဲ့မှု၊ ကျွန်ုပ်တို့၏ ပင်ကိုမူလဖြစ်ခြင်း၊ ကျွန်ုပ်တို့၏အသက်ဆိုင်ရာစေ့စပ်ထုံးဖွဲ့ခြင်း ဖြစ်လာစေခြင်း ဖြစ်သည် - ၁ယော၊၁း၈၊ ၄း၆။ ၅း၆။

B. ကျွန်ုပ်တို့အထဲသို့ စေ့စပ်ထုံးဖွဲ့ခံရသည့် ခိုင်မာသန်စွမ်းသောသမ္မာတရားမှာ ကျွန်ုပ်တို့ အဆက်မပြတ်ဖြစ်သော၊ ကြာရှည်ခံသော ကျွေးမွေးမစမှု ဖြစ်လာသည် - ၁တိ၊၄း၆။

C. သမ္မာတရားသည် ကျွန်ုပ်တို့အထဲသို့ ယူဆောင်ခံရကာ၊ ကျွန်ုပ်တို့ဖြစ်ခြင်းအထဲသို့ စေ့စပ်ထုံးဖွဲ့ခြင်းရှိလျှင်၊ ကျွန်ုပ်တို့ သည် ဘုရားသခင်၏ ဘုရားဇာတိ ကြွယ်ဝခြင်းများ၏ အကျိုးအမြတ်များနှင့် ကိုယ်တော်ပြီးမြောက်ပြည့်စုံခြင်း၏ ရရှိအောင်မြင်ခဲ့ခြင်းများကို ကာကွယ်ရန် တတ်စွမ်းနိုင်လိမ့်မည်ဖြစ်သည် - ဗျာ၊၂၁း၁၂က၊ ၁၇။

D. ကယ်တင်ခံရသောပုဂ္ဂိုလ်တိုင်းသည် သမ္မာတရား - ဘုရားသခင်၏နှုတ်ကပတ်တော်၌ ဖွင့်ပြထားသည့် စစ်မှန်သော အရာများအားလုံးကို ပြည့်ဝစွာ သိကျွမ်းခြင်း၊ ပြည့်စုံစွာ နားလည်သဘောပေါက်ခြင်း ရှိသင့်သည် - ၁တိ၊၂း၄။ ၄း၃။ ၂တိ၊၂း၂၅။ ၃း၇။

E. သမ္မာတရားကို ပြည့်ဝစွာ သိကျွမ်းခြင်းသည် သမ္မာတရားကို အကုန်အစင် နားလည်သဘောပေါက်ခြင်း၊ ပြည့်ဝစွာ သိကျွမ်းခြင်းနှင့် ယုံကြည်ခြင်းမှတစ်ဆင့် ကျွန်ုပ်တို့ရရှိသည့် ဝိညာဉ်ရေးရာနှင့် ဘုရားဆိုင်ရာအရာများအားလုံး၏ စစ်မှန်ခြင်းကို နားလည်တန်ဖိုးထားခြင်း ဖြစ်သည် - တိတု၊၁း၁။ ၂သက်၊၂း၁၃။

F. သခင်ဘုရား၏စကားတော်၊ ကိုယ်တော်၏သမ္မာတရားသည် သမ္မာကျမ်းစာ၌ ရှိသော်လည်း၊ သမ္မာကျမ်းစာသည် မှန်ကန်သင့်လျော်သည့် အဓိပ္ပာယ်ဖွင့်ဆိုချက် လိုအပ်သည်။ ဤအတွက်ကြောင့် ကျွန်ုပ်တို့သည် အသက်အဖြစ် လေ့လာခြင်းစာစောင်များ ရှိရခြင်းဖြစ်သည် - ၂တိ၊၂း၁၅။

G. ကျွန်ုပ်တို့သည် သမ္မာတရားများကို သင်ယူရန် အဖိုးအခ ပေးရမည်ဖြစ်သည် - သု၊၂၃း၂၃။

1. ကျွန်ုပ်တို့သည် သခင်ဘုရားက မည်သည့်အရာကို ပြောဆိုကြောင်းနှင့် ကိုယ်တော်က မည်သည့်အရာကို အလိုရှိကြောင်း ရှာတွေ့ရန် သန့်ရှင်းသော ကျမ်းစာတော်၏ ပင်ကိုမူလ ပုံဆောင်ချက်အထဲသို့ ဝင်ရောက်ရန် လိုအပ်သည် - ယော၊၈း၁၂။
2. ကျွန်ုပ်တို့၌ မည်သည့်အရာကိုမျှ တီထွင်ရန် အခွင့်မရှိပါ။ ကျွန်ုပ်တို့သည် သမ္မာကျမ်းစာ၌ရှိသည့်အရာကို ရှာဖွေတွေ့ရှိခြင်းဖြစ်သည်။

3. ကျွန်ုပ်တို့သည် သမ္မာတရားကို သင်ယူပြီးနောက်တွင်လည်း ခရစ်တော်ကို တွေ့ကြုံခံစားရဦးမည်ဖြစ်သည်၊ သို့မှ သာ ကိုယ်တော်သည် ကျွန်ုပ်တို့၏စစ်မှန်ခြင်းဖြစ်လာမည်ဖြစ်သည်။ ဤနည်းလမ်း၌ ကျွန်ုပ်တို့သည် လူများထံ စကားပြောသောအခါ သူတို့ကို အသိပညာ သို့မဟုတ် ဩဝါဒကို ပေးခြင်းမဟုတ်ဘဲ၊ ခရစ်တော်ကို သူတို့ထံ အမှု ဆောင်ပေးလိမ့်မည်ဖြစ်သည် - ဧ၊၃း၁၆-၁၇။ ၄း၁၅၊ ၂၁။

H. ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာသမ္မာတရား၏ အပေါ်ယံ၌ စကိတ်စီးနေခြင်းမှ လွတ်မြောက်ကာ၊ ကိုယ်တော်နှင့်အတူ တကွ အားထုတ်လုပ်ဆောင်ခြင်းအားဖြင့် သခင်ဘုရားနှင့်အတူ ပူးပေါင်းလုပ်ဆောင်၍၊ ကိုယ်တော်၏ အံ့ဩဖွယ် ဓမ္မ သစ်စီမံကိန်း သမ္မာတရား၏ နက်ရှိုင်းမှုအထဲသို့ ဒိုက်ဗင်ထိုး ဝင်ရောက်ရန် လိုအပ်သည် - ၃း၉။

I. သမ္မာတရားဖြင့် စေ့စပ်ထုံးဖွဲ့ခြင်းရှိသောသူတို့သည် အသင်းတော်အဖို့ ကြီးစွာသော ကောင်းချီးမင်္ဂလာဖြစ်သည် - ရော၊၉း၁၊ ၁၅း၂၉။

## III. ဘုရားဆိုင်ရာစီမံကိန်း ပြီးမြောက်ပြည့်စုံခြင်းအတွက် ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာသမ္မာတရား၏ လမ်းအတွက် အကြွင်း မဲ့ဖြစ်ရန် လိုအပ်သည် - ၂ပေ၊၂း၂။

A. သမ္မာတရား၏ လမ်းသည် သမ္မာတရားအတိုင်းဖြစ်သော ခရစ်ယာန်အသက်တာ၏ လမ်းကြောင်းဖြစ်ပြီး၊ ယင်းသည် ဓမ္မသစ်ကျမ်းရှိ ပါဝင်သောအရာ၏ စစ်မှန်ခြင်းဖြစ်သည် - အငယ်၊၂။

B. သမ္မာတရား၏လမ်းသည် ဖြောင့်သောလမ်းဖြစ်သည်။ ဖြောင့်တန်းသောလမ်းကို ယူဆောင်ခြင်းသည် ကောက်လိမ် သွေဖည်ခြင်းနှင့် ဘက်လိုက်ခြင်းမရှိသော ဖြောင့်မှန်သည့်အသက်တာကို အသက်ရှင်ခြင်းဖြစ်သည် - အငယ်၊၁၅။

C. သမ္မာတရား၏လမ်းသည် ဖြောင့်မတ်ခြင်း၏ လမ်းဖြစ်သည်။ ဖြောင့်မတ်ခြင်းလမ်းကို ယူဆောင်ခြင်းမှာ ဘုရားနှင့် လူ နှစ်ဦးလုံးဖြင့် ဖြောင့်မှန်ခြင်းရှိသည့် အသက်တာ၊ ဖြောင့်မတ်ခြင်းအတိုင်းဖြစ်ကာ၊ ကိုယ်တော်၏ ဖြောင့်မတ်ခြင်းနိုင်ငံ တော်အတွက် ဘုရားသခင်၏ အုပ်စိုးမှုဆိုင်ရာ တရားစီရင်ခြင်းကို ရရှိနိုင်သည့် အသက်တာကို အသက်ရှင်ခြင်းဖြစ် သည် - အငယ်၊၂၁၊ ၉။ မ၊၅း၂၀။ ရော၊၁၄း၁၇။

D. သမ္မာတရား၏လမ်းသည် "လမ်းတော်"ဖြစ်ကာ၊ ဘုရားသခင်၏ဓမ္မသစ်စီမံကိန်း၌ သခင်ဘုရား၏ ပြည့်စုံသောကယ် တင်ခြင်းကို ရည်ညွှန်းခြင်းဖြစ်သည် - တ၊၉း၂။

1. ၎င်းသည် ဘုရားသခင်က မိမိကိုယ်တော်တိုင်ကို ခရစ်တော်၏ ရွေးနုတ်ခြင်းနှင့် ဝိညာဉ်တော်၏ ဘိသိက်ပေးခြင်း မှတစ်ဆင့် ယုံကြည်သူများအထဲသို့ ဝေငှဖြန့်ဖြူးသည့် နည်းလမ်းဖြစ်သည် - ဧ၊၁း၇။ ၁ယော၊၂း၂၇။
2. ၎င်းသည် ယုံကြည်သူများက ဘုရားသခင်ကို ယူဆောင်စားသုံးကာ၊ ဘုရားသခင်ကို မွေ့လျော်ဝမ်းမြောက်ရသည့် နည်းလမ်းဖြစ်သည် - ၂ပေ၊၁း၄။
3. ၎င်းသည် ယုံကြည်သူများက သူတို့၏ဝိညာဉ်၌ ကိုယ်တော်ကို မွေ့လျော်ခြင်းအားဖြင့် ဘုရားသခင်ကို ကိုးကွယ် ခြင်းနှင့် ကိုယ်တော်နှင့်တစ်လုံးတစ်ဝဖြစ်ခြင်းအားဖြင့် ညဉ်းဆဲနှိပ်စက်ခံရသော ယေရှုနောက်သို့ လိုက်ခြင်း နည်း လမ်းဖြစ်သည် - ယော၊၄း၂၄။ ဟေဗြဲ၊၁၃း၁၂-၁၃။
4. ၎င်းသည် ယုံကြည်သူများအား အသင်းတော်အထဲသို့ ခေါ်ဆောင်ပေးကာ၊ ယေရှု၏သက်သေခံချက်ကို ဆောင်ရန် ခရစ်တော်၏ကိုယ်ခန္ဓာတော်အထဲသို့ တည်ဆောက်ပေးသည့် နည်းလမ်းဖြစ်သည် - ၁ကော၊၁း၂။ ၁၂း၂၇။ ဗျာ၊၁း၂။

E. သမ္မာတရား၏လမ်းကို ယူဆောင်ခြင်းသည် သမ္မာတရားထံသို့ နာခံခြင်းအားဖြင့် ကျွန်ုပ်တို့၏စိတ်များကို သန့်စင်ပေး ခြင်းဖြစ်သည်။ ဤသည်မှာ သန့်ရှင်းစင်ကြယ်စေသော သမ္မာတရားတည်းဟူသော ဘုရားသခင်၏ စစ်မှန်ခြင်းနှုတ် ကပတ်စကားဖြစ်သည် - ၁ပေ၊၁း၂၂။ ယော၊၁၇း၁၇။

1. သမ္မာတရားကို နာခံခြင်းအားဖြင့် ကျွန်ုပ်တို့၏စိတ်များကို သန့်စင်ပေးခြင်းသည် ကျွန်ုပ်တို့၏ဖြစ်ခြင်းတစ်ခုလုံးကို ဘုရားသခင်ထံသို့ အာရုံစိုက်ခြင်း ရှိစေသည်၊ သို့မှသာ ကျွန်ုပ်တို့သည် ကိုယ်တော်ကို စိတ်နှလုံးရှိသမျှ၊ စိတ်ရှိသမျှ နှင့် ကျွန်ုပ်တို့အသိဉာဏ်ရှိသမျှအားလုံးဖြင့် ချစ်နိုင်မည်ဖြစ်သည် - မာ၊၁၂း၃၀။

2. ထိုသို့ ကျွန်ုပ်တို့၏စိတ်များကို သန့်စင်ပေးခြင်းသည် ပရိယာယ်ကင်းသော ညီအစ်ကိုချင်းချစ်ခြင်းမေတ္တာ၊ တစ်နည်းအားဖြင့် ဘုရားသခင်ချစ်တော်မူသောသူတို့ကို ထက်သန်စွာဖြင့် စိတ်နှလုံးမှ ကျွန်ုပ်တို့ချစ်ခြင်းကို ထွက်ပေါ်လာစေသည် - ၁ယော၊၅း၁။

**IV. ဘုရားဆိုင်ရာစီမံကိန်း ပြီးမြောက်ပြည့်စုံခြင်းအတွက် ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာသမ္မာတရား တိုးပွားပျံ့နှံ့ခြင်းအတွက် အကြွင်းမဲ့ ဖြစ်ရန် လိုအပ်သည် - မ၊၂၄း၁၄။ ၂၈း၁၉။**

A. ဧဝံဂေလိတရားသည် သမ္မာကျမ်းစာရှိ သမ္မာတရားများအားလုံး ပါဝင်သည်။ သမ္မာကျမ်းစာတစ်အုပ်လုံးသည် ဘုရားသခင်၏ဧဝံဂေလိတရားဖြစ်သည် - ရော၊၁း၁၃။ ကော၊၁း၅။

1. ယနေ့ အသင်းတော်၏ တုန့်ပြန်မှုကင်းမဲ့သော ခန့်အပ်စေခိုင်းခံရခြင်းမှာ ဧဝံဂေလိတရားဟောပြောရန်ဖြစ်ပြီး၊ ၎င်း၏ ပါဝင်သောအရာမှာ သမ္မာတရားဖြစ်သည် - မ၊၂၄း၁၄။ ရော၊၁း၁၃။ ကော၊၁း၅။

2. သမ္မာတရားကို ကျွန်ုပ်တို့ ဟောပြောခြင်းသည် မြင့်မားသော ဧဝံဂေလိတရားကို ဟောပြောခြင်းပင်ဖြစ်သည် - မာ၊၁၆း၁၅။ ၁တိ၊၂း၄။

3. ဘုရားသခင့်ဧဝံဂေလိတရား၏ အမြင့်မားဆုံးသောအချက်မှာ ဘုရားသခင်သည် လူဖြစ်လာ၍ လူသည် ကိုးကွယ်ခံဦးခေါင်းအရာ၌မဟုတ်ဘဲ၊ အသက်နှင့်သဘောသဘာဝ၌ ဘုရားဖြစ်လာခြင်း ဖြစ်သည် - ရော၊၁း၃-၄။ ၈း၃၊ ၂၉။

B. သခင်ဘုရားသည် ကိုယ်တော်၏အဖိုးတန်သော သမ္မာတရားများကို ကျွန်ုပ်တို့ထံပေးထားခဲ့ခြင်းမှာ သမ္မာတရားကို ယုံကြည်သူများထံသို့သာမက မယုံကြည်သူများထံသို့လည်း ပျံ့နှံ့စေဖို့အတွက်ဖြစ်သည်။ မြေကြီးပေါ်ရှိ လူသားဖြစ်ခြင်းမှန်သမျှသည် သမ္မာတရားကို ကြားသိရန် လိုအပ်သည် - ယော၊၁၈း၃၇ခ။

C. သခင်ဘုရားက သွား၍ လူမျိုးတကာတို့ကို တပည့်ဖြစ်စေရန် ကျွန်ုပ်တို့ကို မိန့်မှာထားသည်၊ သို့မှသာ မျက်မှောက်ခေတ်သည် ပြီးမြောက်ပြည့်စုံနိုင်မည်ဖြစ်သည် - မ၊၂၈း၁၉-၂၀။

D. ကျွန်ုပ်တို့သည် သမ္မာတရားကို သင်ယူခြင်း၊ သမ္မာတရားကို ယူဆောင်လျှောက်လှမ်းခြင်း၊ သမ္မာတရားကို ဟောပြော ခြင်း၊ သမ္မာတရားကို တိုးပွားပျံ့နှံ့စေခြင်းတို့၌ သခင်ဘုရားနှင့် တစ်လုံးတစ်ဝဖြစ်ရန် လိုအပ်သည် - ဇာ၊၈း၁၆။

E. ကျွန်ုပ်တို့သည် ယနေ့ သခင်ဘုရား၏ပြန်လည်ရယူခြင်းကို ပျံ့နှံ့ခြင်း ရှိစေလိုလျှင်၊ သမ္မာတရား၏ ဘက်မှန်သမျှကို ကျွန်ုပ်တို့သိရမည်၊ သမ္မာတရားကို အသေးစိတ်ဖွင့်ဆိုရန် တတ်စွမ်းနိုင်ရမည်ဖြစ်သည် - ၂ကော၊၄း၂။ ၃ယော၊ ၃-၄၊ ၈။

F. ဘုရားဆိုင်ရာသမ္မာတရားများကို ပျံ့နှံ့စေခြင်းသည် သခင်ဘုရား၏ ပြန်လည်ထူထောင်ခြင်းကို ယူဆောင်လာလိမ့်မည် ဖြစ်သည်။ ဟေရှာယ ၁၁း၉ အရ ပြန်လည်ထူထောင်ခြင်းသည် ရောက်လာလိမ့်မည်၊ အကြောင်းမူကား “ရေသည် ပင်လယ်ကို လွှမ်းမိုးသကဲ့သို့၊ မြေကြီးသည် ယေဟောဝါကို သိကျွမ်းခြင်းနှင့် ပြည့်လိမ့်မည်”။

*© 2021 Living Stream Ministry*